# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 14, 2022 Volume 50, Number 9


**၁၄.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၅၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၇၅ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၄၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၅၆၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့၌ ရွှေပဲသီးပင်ဈေးကွက် အောင်မြင်ဖြစ်ထွန်းမှုရှိနေ



https://greenwaymyanmar.com/posts/snow_peas_market

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့၌ ရွှေပဲသီးပင်ဈေးကွက် အောင်မြင်ဖြစ်ထွန်းမှု ရှိနေကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။ "ရွှေပဲသီးပင်ကို စီးပွားဖြစ်စတင်စိုက်ဖြစ်တာတော့ ၂ နှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့ ရှမ်းပြည်တောင်ပိုင်း ရဲ့ ရာသီဥတုနဲ့ကိုက်ညီပြီး၊ ဈေးကွက်လည်း ပုံမှန်ရှိတာကြောင့် စိုက်ပျိုးဖြစ်ခဲ့တာပါ။ ဒီ ပင်းတယဒေသအနီးတစ်ဝိုက်မှာတော့ ရွှေပဲသီးပင် စီးပွားဖြစ်စိုက်ပျိုးသူ များပြားတယ်။ နှစ်စဉ် စိုက်ပျိုးချိန်ရောက်တိုင်း စိုက်ပျိုးကြပါတယ်။ ဈေးကွက်က ကျွန်တော်တို့ ရှမ်းတောင်မှာဆိုရင်တော့ အောင်ပန်းက ရွှေပဲသီးပွဲရုံကို တင်ပို့ရောင်းချပါတယ်"ဟု ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့နယ်မှ ရွှေပဲသီးပင်စိုက်ပျိုးသူ ကိုသက်လင်းဦးက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများတွင် ရွှေပဲသီးပင်ကို အောက်တိုဘာလတွင် စတင် စိုက်ပျိုးလေ့ရှိပြီး ရက်(၆၀)ဝန်းကျင်အကြာ၊ ဒီဇင်ဘာလ၌ အသီးခူးဆွတ်ကြသည်။ "ဒီနှစ် မှာတော့ ရွှေပဲသီးပေါ်ခါစမှာ တစ်ပိဿာကို ၄၅၀၀ ကျပ် ပေါက်ဈေးရရှိပါတယ်။ နှစ်စဉ် လေ့လာကြည့်သလောက်ဆိုရင် ရွှေပဲသီးဝယ်ယူတဲ့ ပွဲရုံက ရွှေပဲသီးအဝင် အနည်းအများ အပေါ် မူတည်ပြီး ဈေးဖြတ်ပေးတာကို တွေ့ရပါတယ်။ ရွှေပဲသီးအထွက်နှုန်း နည်းတဲ့အချိန်၊ စိုက်ပျိုးသူနည်းပါးတဲ့ အချိန်မှာဆိုရင် ဈေးပိုရတတ်ပါတယ်။ ဈေးကွက် တင်ပို့ရာမှာတော့ အခက်အခဲအများကြီးမရှိပါဘူး။ အောင်ပန်းကိုတင်ပို့တဲ့အခါ မိုးမလင်းခင် အရောက်ပို့ပေး ရတယ်ခင်ဗျ။ အောင်ပန်းမှာက မနက် ၈နာရီ/၉နာရီဆိုရင် တစ်ချို့ဈေးကွက်တွေက

မရှိတော့ဘူးဆိုတော့ အချိန်အခါကြည့်ပြီးတော့ မနက်ပိုင်းစောစော တင်ပို့ပေးနိုင်ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ မျိုးဖိုး၊ တိုင်ဖိုး၊ ပိုက်ဖိုး၊ ဆေးဖိုး၊ စက်ထယ်ခ စသည့် အထွေထွေစိုက်ပျိုးစရိတ်များကို ပျမ်းမျှတွက်ချက်ကြည့်ပါက ရွှေပဲသီးပင် တစ်ကေစိုက်ပျိုးစရိတ်စုစုပေါင်းမှာ (၈)သိန်းကျပ်မှ (၁၀)သိန်းကျပ်ဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/snow_peas_market

## ပြည်တွင်းသကြားဈေး မြင့်တက်လာခြင်းနှင့်အတူ ကြံတစ်တန် ၆၅,၀၀၀ ကျပ်ထိ ကြံတောင်သူများ တိုးမြှင့်ရရှိလာ




မြန်မာတောင်သူကြီးများဂျာနယ်

ပြည်တွင်းကြံရာသီ ရောက်ရှိလာသော်လည်း ပြည်တွင်းသကြားဈေး ကျဆင်းမှုမရှိပဲ ဈေးမြင့်တက်လာတာကြောင့် ကြံတစ်တန် ကျပ် ၆၅,၀၀၀ ထိ စံချိန်တင်ဆက်လက်တိုးမြှင့်ပေးလာကြောင်း သိရသည်။

ပြည်တွင်းသကြားရုံများမှ ကြံဈေးနှုန်း သတ်မှတ်ဝယ်ယူရာတွင် သကြားဈေးကို အခြေခံဝယ်ယူခြင်းဖြစ်ရာ ပြည်တွင်းလက်ကျန်သကြား နည်းသွားခြင်း ၊ကြံရာသီအသစ်တွင် သကြားအသစ်များ ထွက်ရှိလာသော်လည်း သကြားဈေးမှာ တစ်ပိဿာ ကျပ် ၁၈၅၀-၁၉၀၀ ပေါက်ဈေးရှိလာသဖြင့် ယခုကဲ့သို့ တောင်သူများ ကြံဈေးထပ်မံတိုးမြှင့်ရရှိလာသည်ဟု မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။

"ငွေရည်ပုလဲစက်ရုံက ဒီရက်ပိုင်းအတွင်းမှာ ယခင်က ကြံတစ်တန် ကျပ် ၆၀,၀၀၀ ကနေ အခု ကျပ် ၆၅,၀၀၀ ထိ တိုးပေးလိုက်ပါတယ်။ သကြားဈေး ၁၆၀၀-၁၇၀၀ လောက်မှန်းတာကနေ အမှန်တကယ်ဈေးကွက်မှာ ကျပ် ၁၈၀၀-၁၉၀၀ ရောင်းရတော့ ကြံဈေးပါ တိုးပေးတဲ့ သဘောပါ။ အခြားကြံစိုက်ဒေသတွေကတော့ ထူးထူးခြားခြား ပြောင်းလဲတာမတွေ့ရဘူး။ သကြားဈေးတော့ တက်ရောင်းတယ်။ တောင်သူကို တိုးပေးရမယ့်ကြံဈေးကိုတော့ မေးထားသေးတယ်။ ကြံဈေးတက်၊ မတက် မပြောသေးဘဲ နောက်ပိုင်းမှ ကြံဈေး အပိုဆောင်းပေးမလားမပြောတတ်သေးဘူး။" ဟု ၎င်းကပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ငွေရည်ပုလဲသကြားစက်ရုံက ၂၀၂၁ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက နောက်ဆုံး ကြံတစ်တန် ၆၀,၀၀၀ ထိတိုးမြှင့်ပေးထားရာမှ ဇန်နဝါရီလဆန်းပိုင်းတွင် စံချိန်တင်ဈေးအဖြစ် တစ်တန်ကျပ် ၆၅,၀၀၀ ထိ ထပ်မံတိုးမြှင့်ပေးလာခြင်းဖြစ်သည်။

မောင်းကုန်းဒေသမှ ဂရိတ်ဝေါလ်သကြားစက်ရုံမှာ သကြားဈေးတစ်ပိဿာ ကျပ် ၁၈၀၀ ထိ ကြံတစ်တန် ၆၄,၀၀၀ အမြင့်ဆုံး သတ်မှတ်ထားခဲ့သဖြင့် သကြားဈေးတစ်ပိဿာကျပ် ၁၉၀၀ ဈေးထိ မြင့်တက်လာချိန်တွင် ကြံဈေးနှုန်း ထပ်မံတိုးမြှင့်ပေးခြင်း မရှိသေးကြောင်း တောင်သူများထံကသိရသည်။

၂၀၂၀-၂၀၂၁ခုနှစ် ကြံရာသီအကုန်တွင် မြန်မာတစ်နိုင်ငံလုံးသကြားတန်ချိန် လေးသိန်းကျော်သာ ထုတ်လုပ်နိုင်သဖြင့် သကြားထုတ်လုပ်နိုင်မှုတန်ချိန် တစ်သိန်းကျော်လျော့ကျခဲ့ပြီး ပြည်တွင်းသကြားဈေးမှာလည်း တစ်ပိဿာကျပ် ၁၇၀၀ ခန့်ဖြင့် တည်ငြိမ်နေရာမှ လက်ကျန်သကြားအကုန်နှင့် သကြားအသစ်ထွက်ရှိလာချိန်တွင် ပြည်တွင်းသကြားတစ်ပိဿာ ကျပ် ၁၈၅၀-၁၉၀၀ သို့ ဈေးမြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်တွင်းမုန့်လုပ်ငန်းများ ပုံမှန်လည်ပတ်လာသလို နိုင်ငံခြားသို့သကြားပြန်လည်တင်ပို့နိုင်မှုများလည်း ရှိသဖြင့် ပြည်တွင်းသကြားဈေးမှာ အမြင့်ဈေးတွင် တည်ငြိမ်နေခြင်းဖြစ်ကြောင်း သိရသည်။ကြံတောင်သူများအနေဖြင့်လည်း ကြံစိုက်ပျိုးမှုစရိတ်တိုးမြှင့်ကုန်ကျထားခြင်းက တိုးမြှင့်ရရှိလာသည့် ကြံဈေးနှုန်းမှာ စရိတ်ကာမိရုံလောက်သာရှိကြောင်း ယခုနှစ်တွင် ကြံစိုက်ခင်းအသစ်စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း ကြံတောင်သူတစ်ဦးက ဖြည့်စွက်ပြောကြားထားသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

## ဧရာဝတီတိုင်းဒေသကြီးအတွင်းဆန်စပါးအရောင်းအဝယ်အေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးများရိတ်သိမ်းချွေလှေ့လျက်ရှိပြီး အချို့မြို့နယ်များတွင် ရေကျနောက်စိုက် စပါးများလည်း အနည်းငယ်ထွက်ရှိလာသည်။

ဈေးနှုန်းများမှာ မြို့နယ်အလိုက် ကွာခြားမှုရှိနေပါသည်။ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ပေါ်ဆန်း ၅၂ပေါင် (၁၂၀၀၀၀ကျပ်/-) ဝန်ကျင်ရှိပြီး၊ စက်ပိုင်ကုန်သည်များမှ သိုလှောင်လျက်ရှိသည်။ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြမြို့နယ် ဈေးနှုန်းပေါင် ၅၀ (၆၆၀၀၀ကျပ်/- မှ ၆၇၀၀၀ကျပ်/-) ဖြစ်သည်။ မနောသုခ၊ ဆင်းသုခဆန် ၁ အိတ်ဈေးနှုန်း ၁၄၀၀ကျပ်/- ရှိနေပြီး၊ အရောင်းအဝယ် အေးလျက်ရှိသည်။

ဟင်္သာတမြို့နယ်တွင် စပါးဈေးနှုန်း ၄၆ပေါင် (၆၁၅၀၀ကျပ်/- မှ ၆၇၀၀၀ကျပ်/-) ရှိနေပြီး၊ ဆင်းသုခ ဆန် ၁ အိတ်ဈေးနှုန်း ၂၂၅၀ကျပ်/- ရှိသည်။ လေးမျက်နှာမြို့နယ်တွင် စပါးဈေးနှုန်း ၄၆ပေါင် (၆၈၀၀၀ကျပ်/-) ရှိနေပြီး၊ ဆင်းသုခ ဆန် ၁ အိတ်ဈေးနှုန်း (၂၅၀၀ကျပ်/- မှ ၂၆၅၀ကျပ်/-)ရှိသည်။ ဒေသတွင်း ဝမ်းစာသိုလှောင်မှုများ ရှိနေသည်။

ဇလွန်မြို့နယ်တွင် စပါးဈေးနှုန်းပေါင်၅၀ (၆၆၀၀၀ကျပ်/- မှ ၆၇၀၀၀ကျပ်/-)ရှိနေပြီး၊ ဆင်းသုခ ဆန်၁အိတ် ဈေးနှုန်း (၂၃၀၀ကျပ်/- မှ ၂၄၀၀ကျပ်/-) ဖြစ်သည်။

မအူပင်ခရိုင်တွင် နှံကားစပါး ပေါင်၅၀ ဈေးနှုန်း (၆၄၀၀၀ကျပ်/- မှ ၆၅၀၀၀ကျပ်/-)နှင့် မနောသုခ ပေါင်၅၀ စပါးဈေးနှုန်း (၆၈၀၀၀ကျပ်/- မှ ၇၀၀၀၀ကျပ်/-) ဖြစ်ပြီး၊ နှံကား ဆန်၁ အိတ်ဈေးနှုန်း (၂၂၅၀ကျပ်/- မှ ၂၃၅၀ကျပ်/-) နှင့် ဆင်းသုခ ၁အိတ် ဈေးနှုန်း (၂၄၀၀ကျပ်/- မှ ၂၅၀၀ကျပ်/-) ဖြစ်သည်။ ပေါ်ဆန်းစပါး ၅၂ပေါင် ဈေးနှုန်း (၇၅၀၀၀ကျပ်/- မှ ၁၀၀၀၀၀ကျပ်/-)၊ ပေါ်ဆန်း ဆန်၁အိတ် ဈေးနှုန်း (၃၈၀၀ကျပ်/- မှ ၃၈၅၀ကျပ်/-) ဖြစ်ပြီး၊ ရန်ကုန် (ဘုရင့်နောင်ပွဲရုံ) သို့တင်ပို့မှု အနည်းငယ်သာရှိသည်။

ဒေးဒရဲမြို့နယ်တွင် ပေါ်ဆန်းစပါး၅၂ပေါင် ဈေးနှုန်း (၁၀၀၀၀၀ကျပ်/-) ဖြစ်ပြီး၊ ပေါ်ဆန်း ဆန်၁ အိတ် ဈေးနှုန်း (၃၉၀၀ကျပ်/- မှ ၄၁၀၀ကျပ်/-) ရှိနေပြီး၊ ရက်၉၀စပါးဈေးနှုန်း၅၂ပေါင်မှာ(၇၀၀၀၀ကျပ်/- မှ ၇၂၀၀၀ကျပ်/-)၊ ဆန်ဈေးနှုန်းမှာ (၃၂၀၀ကျပ်/-) ဖြစ်ပြီး၊ ရန်ကုန် (ဘုရင့်နောင်ပွဲရုံ) သို့ရောင်းချလျက်ရှိသည်။ ဈေးကွက်အခြေအနေမှာ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်နည်းပါးလျက်ရှိနေပါသည်။

**Source: ဧရာကုန်သွယ်မှုဇုဟိုဌာန**

## ဇန်နဝါရီပထမပတ်အတွင်း ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ




ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံ ကုန်သွယ်မှုများ ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် စမ်းသပ်ကာလအနေဖြင့် တစ်ရက်လျှင် တစ်သျှူးငှက်ပျော ၂၂ ဘီး တွဲကားအစီး ၃၀ ခန့် ကုန်သွယ်မှုများပြုလုပ်ခဲ့ပြီး ယခုအခါ ဖရဲသီးတင်ပို့မှုရှိလာသည်ကိုတွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဖရဲသီးများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၇၁၂၃၁၃ ဒသမ ၁၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျောနှင့်ပတ်သက်သောပစ္စည်းများဖြစ်သည့် Cargo Container 45’ Feet ၊ ပလပ်စတစ်အိတ်၊ Floral Form နှင့် Tissue Paper တို့ဖြစ်ပါသည်။ ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၂၁၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှု စမ်းသပ်ကာလဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၃ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၉.၄ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## ဥရောပသမဂ္ဂ(အီးယူ)က ဆန်လုံးရှည်အပေါ် အကောက်ခွန်မဲ့တင်သွင်းမှု ပြန်လည်စတင်ရန် မျှော်လင့်ထားကြောင်း အတည်ပြုပြီး ဇန်နဝါရီ ၁၈ ရက်တွင် စတင်အသက်ဝင်ပြီး သွင်းကုန်ခွန် သုညသို့ ပြန်လည်ရောက်ရှိမည်ဟုဆို




ဥရောပသမဂ္ဂ(အီးယူ)ကော်မရှင်က မြန်မာနိုင်ငံအပြင် ကမ္ဘောဒီးယားနိုင်ငံက ဆန်တင်သွင်းမှုတွေကို အကောက်ခွန်မဲ့တင်သွင်းမှု ပြန်လည်စတင်ဖို့ မျှော်လင့်ထားတယ်လို့ အတည်ပြုလိုက်ပါတယ်။

အင်ဒီကာ (Indica) ခေါ် ဆန်လုံးရှည် တင်သွင်းမှုအပေါ် အီးယူရဲ့ သွင်းကုန်ခွန်ကောက်ခံမှုက ဇန်နဝါရီလ ၁၈ ရက်နေ့မှ စတင်ကာ သုညကို ပြန်လည်ရောက်ရှိမယ်လို့ အတည်ပြုထားကြောင်း S&P Global Platts က ပြောပါတယ်။ နှစ်နိုင်ငံစလုံးက ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်သဖြင့် အထူးသဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံတွေကို EU က ပေးအပ်ထားတဲ့ အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (GSP) ရရှိထားကြပါတယ်။

သို့သော်လည်း အီးယူက ၎င်းရဲ့ အဖွဲ့ဝင်နိုင်ငံတွေက လယ်သမားတွေရဲ့ ဆန်လုံးရှည်စိုက်ပျိုးမှုကို ကာကွယ်လိုတာကြောင့် လွန်ခဲ့တဲ့သုံးနှစ် (၂၀၁၉ ဇန်နဝါရီ ၁၈ ရက်) မှ စတင်ကာ ပြန်လည်အခွန်စည်းကြပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ထိုကာလတွေမှာ အီးယူက မြန်မာနဲ့ ကမ္ဘောဒီးယားတို့က ဆန်တင်သွင်းမှုအပေါ် ပထမနှစ်မှာ မက်ထရစ်တစ်တန်ကို သွင်းကုန်ခွန် ၁၇၅ ယူရို၊ ဒုတိယနှစ်မှာ ယူရို ၁၅၀ နဲ့ တတိယနှစ်မှာ ၁၂၅ ယူရို အခွန်စည်းကြပ်ခဲ့ပါတယ်။

အီးယူဈေးကွက်ကို တင်ပို့နေတဲ့ မြန်မာ့ဆန်တွေထဲမှာ ပေါင်းဆန်၊ ပေါ်ဆန်း၊ ညှော်မထအုပ်စုဝင် ဆန်လုံးရှည်(အင်ဒီကာ)နဲ့ ဆန်ကွဲတို့ ပါဝင်ပြီး ၂၀၁၈ ခုနှစ်က တန်ချိန် ၃ သိန်းနီးပါးရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံကသိရပါတယ်။

**Source: BETV Business**

## အမေရိကန်နိုင်ငံ စားသောက်ကုန်ဈေး ၇ ရာခိုင်နှုန်းမြင့်တက်




https://burmese.voanews.com/a/us-inflation-40-years/6394378.html

ပြီးခဲ့တဲ့ ဒီဇင်ဘာလက အမေရိကန်နိုင်ငံတွင်း အထွေထွေစားသုံးကုန်၊ လူသုံးကုန် ပစ္စည်းဈေးနှုန်းတွေ ၇ ရာခိုင်နှုန်း မြင့်တက်သွားပြီး၊ ဒါဟာ နှစ် ၄၀ အတွင်းမှာ အမြင့်ဆုံးလို့ အလုပ်သမားရေးရာဌာနက ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာပါတယ်။

၂၀၂၁ မှာ ကုန်ဈေးနှုန်း တရိပ်ရိပ်မြင့်တက်လာကာ ၁၉၈၂ နောက်ပိုင်းက အမြင့်ဆုံးပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလက ၆.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်လအတွင်းမှာ ၀.၅ ရာခိုင်နှုန်း မြင့်တက်သွားတဲ့သဘောပါ။ သုံးသပ်သူတွေကတော့ ကိုဗစ်ကပ်ရောဂါကြောင့် ကုန်စည်စီးဆင်းမှု နှေးကွေးချိန်မှာ အမေရိကန်တွေ အထွေထွေဝယ်လိုအား မြင့်တက်လာတာကြောင့် ဈေးကြီးတဲ့ကားနဲ့ စက်ပစ္စည်းတွေအပါအဝင် နေ့စဉ်လူသုံးကုန်တွေရဲ့ ဈေးပါ မြင့်တက်လာတာလို့ သုံးသပ်ကြပါတယ်။

သမ္မတဂျိုးဘိုင်ဒန်က ဒီထုတ်ပြန်ချက်ထဲမှာပါတဲ့ ညွှန်းကိန်းတွေအရ ပြီးခဲ့တဲ့လတွေအတွင်းမှာတော့ လောင်စာဆီနဲ့ စားသောက်ကုန်ဈေးနှုန်းတွေ ကျဆင်းခဲ့ကြောင်း၊ ဈေးတက်နှုန်းနှေးလာအောင် အစိုးရဆောင်ရွက်ချက်တွေဟာ ထိရောက်ကြောင်းနဲ့ ဆက်ပြီးဈေးတွေကျအောင်လုပ်ဖို့ လိုတယ်လို့လည်းဆိုပါတယ်။

**Source:** https://burmese.voanews.com/a/us-inflation-40-years/6394378.html

## ထိုင်းနိုင်ငံမှာ ဝက်သား မတန်တဆဈေးကြီးနေသဖြင့် အစားထိုး မိချောင်းသားရောင်းချ




မိချောင်းသား အသားတုံးအမျိုးမျိုးကို တွေ့ရပုံ

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4214-crocodile-goes-onto-the-menu.html




မိချောင်းသား အစိတ်အပိုင်း အမျိုးမျိုး

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4214-crocodile-goes-onto-the-menu.html

ထိုင်းနိုင်ငံမှာ မိချောင်းမွေးမြူရေးလုပ်ငန်းများက မိချောင်းသားကို ဝက်သားထက် ဈေးသက်သာတဲ့ အသားတစ်မျိုးအဖြစ် ရောင်းချကြပါတယ်။ ဝက်သားဈေးက တစ်ကီလိုကို ဘတ် ၂၀၀ အထက်မှာ ရောက်နေပါတယ်။ ဝက်တုပ်ကွေးကြောင့် ဝက်မွေးမြူရေးလုပ်ငန်းတွေ ရပ်ဆိုင်းကုန်လို့ ဝက်သားဈေး မတန်တဆမြင့်တက်နေပြီး ထိုင်းအစိုးရက ဝက်သား ပြည်ပ တင်ပို့ခြင်းကို တားမြစ်ထားပါတယ်။ ဝက်သားအစား ကြက်သားကိုစားကြတဲ့အတွက် ကြက်သားဈေးလည်း မြင့်တက်နေပါတယ်။

Nakhon Pathom မှ မိချောင်းမွေးမြူရေးသမားတစ်ဦးက ဝက်သား မတန်တဆဈေးကြီးနေတဲ့ အခြေအနေကို လသာတုန်း ဗိုင်းငင်တဲ့အနေဖြင့် မိချောင်သားကို သူ့ရဲ့ Facebook စာမျက်နှာပေါ်မှာ ရောင်းချခဲ့ပါတယ်။ မိချောင်းမွေးမြူရေးစခန်း Hia Sak Farm ပိုင်ရှင်က မိချောင်းသားကို လက်လီရောင်းဈေး တစ်ကီလို ၁၀၅ ဘတ်ဖြင့် ရောင်းချပေးနေပြီး၊ လက်ကားဈေးကတော့ တစ်ကီလိုကို ဘတ် ၇၀ ဖြင့် ရောင်းချပေးပါတယ်။ လက်ကားဈေးဖြင့် ဝယ်ယူလိုပါက အနည်းဆုံး မိချောင်းသား ကီလို ၃၀ ဝယ်ယူရမှာဖြစ်ပါတယ်လို့ ဆိုပါတယ်။

သူ့ရဲ့ မိချောင်းမွေးမြူရေးစခန်းက ပြည်ပပို့ကုန်အဖြစ်လုပ်ကိုင်ခဲ့ပြီး ယခုအခါ ဝက်သား၊ ကြက်သားဈေးနှုန်းများ မြင့်တက်နေလို့ ပြည်တွင်းဈေးကွက်ကို စတင်ရောင်းချပေးနေတာလို့ဆိုပါတယ်။ နောက်ထပ် မိချောင်းမွေးမြူရေးစခန်းတစ်ခုဖြစ်တဲ့ Rungtaweechai Farm မှာလည်း အနီးအနားတဝိုက်မှာ နေထိုင်ကြတဲ့သူတွေ မိချောင်းသားလာဝယ်ကြပါတယ်။ မိချောင်းမွေးမြူရေးစခန်းပိုင်ရှင် အသက် ၆၅ နှစ် ရှိသူ Wichai Rungtaweechai က သူ့မွေးမြူရေးခြံမှာ မိချောင်းကောင်ရေ ၁၂,၀၀၀ ခန့်ရှိပြီး အရွယ်အစား အမျိုးမျိုးရှိပါတယ်။ အကြီးဆုံး အရွယ်အစားက ၅ မီတာ အလျားရှိပါတယ်လို့ ပြောပြပါတယ်။ သူမိချောင်းမွေးမြူခဲ့တာ သက်တမ်း ၃၀ နှစ် ကျော်ပြီလို့ သူကပြောပြပါတယ်။ "ဝက်သားအရမ်းဈေးကြီးနေတော့ မိချောင်းသား ဘက်ကို လူတွေလှည့်လာကြတာ ပိုများလာတယ်။ မိချောင်းသားက ဈေးလည်းသက်သာတယ်။ အရသာလည်း ပိုကောင်း ပါတယ်။ အဆီ နည်းတယ်။ ပရိုတင်းမြင့်မားတယ်" လို့ သူကရှင်းပြပါတယ်။

မိချောင်းကို အသက်သုံးနှစ်ခွဲဝန်းကျင်မှာ အသားပေါ်လို့ရပြီ။ အလေးချိန်က ကီလို ၃၀-၄၀ ရှိပြီး အလျားက ၁၈၅ စင်တီမီတာလောက်ရှိတယ်လို့ သူကရှင်းပြပါတယ်။ မိချောင်းတစ်ကောင်ထံမှ အသား ၁၂ ကီလိုဂရမ်ဝန်းကျင်ရရှိတယ်လို့ သူက ပြောပြပါတယ်။ မိချောင်းကိုမသတ်ခင်မှာ လျှပ်စစ်ဓာတ်ဖြင့် သတိလစ်အောင် အရင်လုပ်တယ်လို့ Mr Wichai က ပြောပြပါတယ်။ အမြီးအပေါ်ခြမ်းမှ အသားက အရသာအကောင်းဆုံးဖြစ်ပြီး လူကြိုက်များကြောင်း သူကပြောပြပါတယ်။ အခြားနေရာမှ အသား များကိုလည်း အသုံးပြုနိုင်ပါတယ်။ အသားကင်၊ ခေါက်ဆွဲနဲ့ပြုတ်စားခြင်း၊ အသားမွှကြော်စတဲ့ဟင်းလျာတွေကို ချက်ပြုတ် စားသောက်ကြတယ်လို့ သူကပြောပြပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4214-crocodile-goes-onto-the-menu.html

## ဟောင်ကောင်ဒေသမှ ငွေကြေးလုပ်ငန်းကုမ္ပဏီများ မကာအိုဒေသသို့ လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားလာကြခြင်း

ကာစီနိုလုပ်ငန်းများဖြင့် အချက်အချာကျသော မကာအိုဒေသအား ငွေကြေးဝန်ဆောင်မှု စင်တာအနေဖြင့်

ဆောင်ရွက်ရန်ပေကျင်းမှချမှတ်ထားသော မူဝါဒအားအကျိုးရှိစွာဆောင်ရွက်နိုင် ရေးအတွက်ဟောင်ကောင်အထူးအုပ်ချုပ်ရေး ဒေသအခြေစိုက်၊ငွေကြေးကုမ္ပဏီများသည် မကာအိုဒေသသို့ လုပ်ငန်းများတိုးချဲ့ရန်စဉ်းစားလာကြကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu “Hong Kong Financial firms eye expansion in Macau” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ မကာအိုဒေသရှိ လိုင်စင်ရ ငွေကြေးလုပ်ငန်းနှစ်ခုထဲမှ တစ်ခုဖြစ်သည့် Everbright Sun Hung Kai သည် Wealth Management platform အား အဆင့်မြှင့်တင်ခဲ့ ကြောင်း၊ထို့ပြင်မကာအိုဒေသ၏ ကာလတိုစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံသူများ Bond Products များ ရင်းနှီးမြှုပ်နှံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Wealth Management Products ရောင်းချမှုမှာ နှစ်စဉ်တိုးတက်လာလျက်ရှိပြီး မကြာမီက တိုးချဲ့ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်တွင် (၅၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ Everbright Sun Hung Kai ၏ မိခင်ကုမ္ပဏီဖြစ် သည့် Everbright Securities သည်ဟောင်ကောင်၊မကာအိုနှင့်တရုတ်ပြည်မကြီး၊ကွမ်တုံးပြည်နယ် ရှိမြို့ကြီး (၉) မြို့ပါဝင်သည့် မဟာပင်လယ်ကွေ့ဒေသ၌ လွှမ်းမိုးမှုကြီးမားသောကြောင့် မကာအို ဒေသ၌ Everbright Sun Hung Kai ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ တိုးတက်မှုရှိနိုင် ကြောင်း၊ တရုတ်ပြည်မကြီးနှင့်နယ်မြေဖြတ်ကျော် ကုန်သွယ်မှုအစီအစဉ်တွင် မကာအိုဒေသအနေ ဖြင့် ပထမဆုံး အကြိမ် ဝင်ရောက်ခဲ့ပြီးနောက် မကာအိုဒေသ၏ ငွေကြေးဝန်ဆောင်မှုကဏ္ဍသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် Wealth Managemnet Connect Scheme ဆောင်ရွက်မှု မြင့်တက်ခဲ့ကြောင်း၊အဆိုပါအစီအစဉ်တွင် တရုတ်ပြည်မကြီး မဟာပင်လယ်ကွေ့ဒေသအခြေစိုက် နေထိုင်သူများ ရင်းနှီးမြှုပ်နှံရန် ဟောင်ကောင်၊ မကာအိုဒေသတို့ရှိ ဘဏ်များဖြင့် အပြန်အလှန် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးအကြား ငွေလွှဲပြောင်းမှုအရေအတွက် (၁၅၇၄)ခု အတွက် တရုတ်ယွမ်(၁၃၁.၈၇) မီလီယံ လွှဲပြောင်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊နိုဝင်ဘာလ အတွင်း တရုတ်ပြည်မကြီးနှင့် မကာအိုဒေသအကြား နယ်မြေဖြတ်ကျော် ငွေလွှဲပြောင်းမှုများ (၈၈၃) ခုအတွက် တရုတ်ယွမ် (၅၃.၂၉) မီလီယံ (ဟောင်ကောင် ဒေါ်လာအားဖြင့် ၆၅.၄ မီလီယံ) လွှဲပြောင်းခဲ့ကြောင်း၊ သို့ဖြစ်ရာ ကြားခံငွေကြေးကဏ္ဍလုပ်ငန်း (၂) ခု၊ အာမခံလုပ်ငန်း (၂၅) ခုနှင့် ဘဏ် (၃၁)ခုတို့သာရှိသောမကာအိုဒေသ၏ငွေကြေးကဏ္ဍအတွက်ကြီးမားသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း၊ ဟောင်ကောင် ဒေသနှင့်နှိုင်းယှဉ်လျှင် ဟောင်ကောင်၌ စတော့ရှယ်ယာကုန်သည် (၆၀၀) ဦး၊ အာမခံလုပ်ငန်း လုပ်ကိုင်သူ (၁၆၅) ဦးနှင့်ဘဏ် (၁၆၀) ခုရှိကြောင်း၊ တရုတ်ပြည်မကြီး ၌ ကနဦးရင်းနှီးမြှုပ်နှံမည့် ပြည်တွင်းနှင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် Qualified Foreign limited partnership pilot scheme ဖြင့် မကာအိုနှင့်ဟန်ကျင်းဒေသ၌ ရင်းနှီးမြှုပ်နှံရန် တရုတ် နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှစတင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းမူဝါဒတွင် ငွေကြေးလုပ်ငန်းအတွက် အရည်အသွေးမြင့်မားသည့် ငွေကြေးဆိုင်ရာ ပံ့ပိုးကူညီနိုင်ရန်နှင့် ပြည်တွင်းနှင့်ပြည်ပမှရင်းနှီး မြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်ရန် နယ်မြေဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများကို ထပ်မံခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အာမခံလုပ်ငန်းကြီး တစ်ခုဖြစ်သည့် ဗြိတိသျှအာမခံလုပ်ငန်း Prudential သည် မကာအိုဒေသ၌ လိုင်စင် လျှောက်ထားလျက်ရှိကြောင်း၊ မဟာပင်လယ်ကွေ့ ဒေသ၌ မကာအိုဒေသသည်အဓိကမြို့ကြီးတစ်မြို့ဖြစ်သောကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများရရှိရန် မကာအိုဒေသ၌ အာမခံလုပ်ငန်း (၃) ခုဖြင့် ဖွင့်လှစ်လည်ပတ် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အခြားသောအာမခံလုပ်ငန်းတစ်ခုဖြစ်သည့် Manulife သည်လည်း မကာအို၌ အခန်းကဏ္ဍ အသစ်ဖန်တီးနိုင်ရန် မကာအိုဘဏ်ခွဲ၌ နည်းဗျူဟာအရာရှိချုပ် Carrie Tong အားခန့်အပ်ခဲ့ကြောင်း၊ မကာအိုဒေသ၌ အာခံရောင်းချမှုများမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး မကာအိုဒေသ၏ အာမခံရောင်းချမှု၏ (၆၀)ရာခိုင်နှုန်း ဝယ်ယူသော တရုတ် ပြည်မကြီးမှ အဓိကလာရောက်သည့် ခရီးသွားများကြောင့် ၂၀၂၁ ခုနှစ်၊ ပထမ(၉) လအတွင်းတွင် အာမခံရောင်းချမှု (၃) ဆ မြင့်တက်ခဲ့ကြောင်း၊ သို့ဖြစ်ရာ မကာအိုဒေသ၌ အာမခံလုပ်ငန်းအခွင့်အလမ်းများ တိုးတက်ရန်မျှော်လင့်ထားသည်ဟု Carrie Tong က ပြောကြားထားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## ပြည်တွင်းစားသုံးမှုများသည့် အမဲသားများအား ပြည်ပတင်ပို့မှုပိတ်ပင်ကြောင်း အာဂျင်တီးနားအစိုးရ ထုတ်ပြန်ကြေညာ



ပြည်တွင်းဈေးကွက်တွင် အသားဈေးနှုန်း ကြီးမြင့်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် ပြည်တွင်း စားသုံးမှုများသည့် အမဲသား ( ၇ )မျိုးအပေါ် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပသို့တင်ပို့ခြင်းမပြုရန် အာဂျင်တီးနားအစိုးရက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ အမိန့်ကြေညာစာအမှတ် ၉၁၁/၂၀၂၁ အရ အေးခဲအမဲသားတင်ပို့မှုများတွင် အကောင်လိုက်တင်ပို့မှုအပါအဝင် တစ်ခြမ်းတင်ပို့မှု၊ ရှေ့တစ်ပိုင်းတင်ပို့မှု၊ နောက်တစ်ပိုင်းတင်ပို့မှုနှင့် အစိတ်အပိုင်းများ ခုတ်ပိုင်းတင်ပို့မှုတို့အား ယာယီပိတ်ပင်ထားသည်။

အစိုးရ၏ အမိန့်ကြေညာချက်အပိုဒ် ၂ တွင် အေးခဲအမဲသားခုတ်သားများအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပတင်ပို့မှုအားကန့်သတ်ထားပြီး အဆိုပါကန့်သတ်ချက်တွင် အသင့်စားသုံးနိုင်သည့် အမဲသားကင်အမျိုးမျိုးတင်ပို့မှုလည်း အကျုံးဝင်ကြောင်း ဖော်ပြထားသည်။

ပြည်တွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းအပေါ်ယုံကြည်မှုရှိစေရန်အပြင် အသားဈေးကွက်၊ အသားထုတ်လုပ်နိုင်မှုပမာဏ၊ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုအခြေအနေများကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ရန်တို့အတွက် အစိုးရ၏ အမဲသားပြည်ပတင်ပို့မှု ပိတ်ပင်တားမြစ်ချက်များအပေါ် အသားထုတ်လုပ်သည့်လုပ်ငန်းရှင်များက သဘောတူလိုက်နာဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့အမဲသားဈေးကွက်သို့ အဓိကတင်ပို့နေသည့်နိုင်ငံများမှာ ဘရာဇီးလ်၊ အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ အာဂျင်တီးနား၊ နယူးဇီလန်၊ ကနေဒါ၊ ဥရုဂွေး၊ ပါရာဂွေး၊ အီးယူနှင့် မက္ကဆီကို နိုင်ငံတို့ဖြစ်ကြပြီး အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့အမဲသားဈေးကွက်သို့ ပဉ္စမမြောက်အများဆုံးတင်ပို့နေသည့် နိုင်ငံလည်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာဈေးကွက်များသို့ စုစုပေါင်းအမဲသားတန်ချိန် ၇၇၀,၀၀၀ တန်အထိ တင်ပို့နိုင်ရန် ခန့်မှန်းတွက်ချက်ထားသည်။

Source: **canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁)လအတွင်း စင်ကာပူနိုင်ငံ၏ ငါးနှင့်ပင်လယ်စာတင်သွင်းမှုတန်ချိန် ကျဆင်းခဲ့

ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းအရ စင်ကာပူနိုင်ငံသည် ငါးနှင့်ပင်လယ်စာများကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁)လအတွင်း တန်ချိန် ၁၁၁,၄၉၀ တင်သွင်းခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် အလားတူကာလတွင်တင်သွင်းခဲ့သော တန်ချိန် ၁၁၅,၁၃၉ ထက် တန်ချိန် ၃,၆၄၉ လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ငါးနှင့်ပင်လယ်စာတင်သွင်းမှုစာရင်းတွင် ငါးခြောက်နှင့်ငါးဆားနယ်များ မပါဝင်ကြောင်း ဖော်ပြထားပါသည်။ စင်ကာပူသည် ငါးနှင့်ပင်လယ်စာများကို ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၁၂၈,၅၀၈၊ ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၁၂၅,၄၀၃၊ ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁၂၁,၂၀၆ တင်သွင်းခဲ့ ပါသည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ နော်ဝေနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

**Source: Department of Statistics, Singapore Food Agency**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

# STOCK EXCHANGE (14.1.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 104 | 852,800 | 33,109,694 | 271,499 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 370 | 1,118,450 | 38,929,150 | 118,734 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 1 | 2,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 19,977,223 | 57,934 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |


## Market summary

As of 14th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.69 | +1.12 | +0.29% | 383.57 | 384.69 | 383.57 | 475 | 1,973,900 | 7 | 669,209 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 14th Jan. 2022

| MYANPIX | 384.69 ▲ 1.12 |
|---|---|
| Total Volume (shares) | 475 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 669,209 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |